

ကိန္နရီလစဉ်
မင်းမြတ်သူရ
ပျိုတိုင်းကြိုက်တဲ့
နှင်းဆီခိုင်


တစ်နေ့ သဥ္ဇအညာဒေသ ရွာလေးတစ်ရွာ၏ ရှင်ပြု
အလှူတော်မင်္ဂလာပွဲ၌လူများနှင့်စည်စည်ကားကား
ဖြစ်သဖြင့်အလှူတော်မှာအသင့်စည်ကား၏။
အလှူတော်သို့ လာသောဧည့်ပရိတ်သတ်၏ စိတ်အဝင်
စားဆုံးမှာကျွဲခတ်ပွဲပင်ဖြစ်သည်။ကျွဲခတ်ပွဲရှိကျွဲ
သည် ဝါးနှီးဖြင့်ယက်လုပ်ထားသောသက်မဲ့ကျွဲများ
သတ်ကြခြင်းဖြစ်သည်။ကျွဲခတ်ပွဲတွင်အနိုင်ရသော
ကျွဲနှင့်ရှုံးနိမ့်သောကျွဲဟူ၍ရှိပြီးမည်သည့်ကျွဲက
ရှုံးနိမ့်ကျမည်ကိုကြိုတင်ပြင်ဆင်ထား၏...
ယနေ့ ဦးဖိုးစိုးဒေါ်တုတ်တို့ ၏ အလှူတွင်
ကျွဲခတ်ပွဲကစားမည့်လူများမှာမယ်ဇလီကုန်း
မှတိမ်ညိုနှင့်ဩဘာတို့ စုံတွဲဖြစ်သည်။
ကျွဲခတ်ချိန်စတင်ချိန်းထားသောအခါ ရွာဦး
ကျောင်းဝင်းတစ်ခုလုံးလူများနှင့်ပြည့်နှက်နေ
၏။ခဏကြာလျှင်ကျွဲခတ်ပွဲတွင်ပါဝင်မည့်
ကျွဲနှစ်ကောင်သည်ဝင်းအတွင်းသို့ ရောက်
ရှိလာကြ၏..


ထိုအခါကြည့်နေသူအပေါင်းသည်လက်ခုပ်လက်ဝါးတီး၍ ၎င်းလက်ခေါက်မှုတ်၍လည်းကောင်း၊တောသူတောင်သားတို့၏ ထုံးစံအတိုင်းကျယ်လောင်စွာအော်ဟစ်အားပေးကြ၏.... ထို့နောက်တွင်မှုလူအများမျှော်လင့်တောင့်တသည့်အတိုင်း ကျွဲခတ်ပွဲကြီးစတင်လေတော့၏...ကျွဲခတ်ပွဲစတင်ချိန်တွင် ရွာသူရွာသားများသည်အားတက်သရောအော်ဟစ်အားပေး ကြ၏...ရွာဦးကျောင်းဆရာတော်ကပင်..
ကြည့်လို့သိပ် ကောင်းတယ်ဟေ့ ဒီ ကောင်တွေ ကျွဲကိုကြည့်ရတာ တကယ့်ကျွဲအစစ်တွေ ခတ်တာကြည့်ရသလိုပဲ ၊ရင် တဒိတ်ဒိတ်နဲ့ ကြည့်ရတယ်... ဒီကောင်တွေရွာပြန်ရင်ငါ့ ကျောင်းက မုန့်တွေစွန့် ကျွဲရမယ်ဟေ့...
ဤသို့ဖြင့် တစ်ဘက်ရွာရှိ တိမ်ညိုနှင့် ဩဘာတို့၏ ကျွဲသည်ကျွဲအစစ်များ ဖြစ်သဖြင့် ရွာသူရွာသားများကလမ်း ဖယ်ပေးလိုက်၏...။


ထိုအချိန်တွင်ရွာလုံးကျွတ်အုတ်အော်သောင်းတင်းဖြစ်သွားကြ၏…ရွာဦးကျောင်းတစ်ခုလုံးလူအများရုတ်ရုတ်သဲသဲဖြစ်နေစဉ်ရှုံးနိမ့်သောကျွဲသည် လူအများကြားမှတိုးဝှေ့ပြီးဆုတ်ခွာပြေး၏…ထိုအခါမှပင်အနိုင်ရသောတိမ်ညိုနှင့်သြဘာတို့၏ကျွဲသည်ကွင်းအလယ်တွင်ဝံ့ဝံ့ကြွားကြွားဖြင့်လှည့်လည်ကပြလေ၏…။ထိုအချိန်ထိ၎င်းတို့နားတွင်ရွာသူရွာသားများဝိုင်းအုံနေဆဲပင်..
ခဏအကြာတွင် တိမ်ညိုနှင့်သြဘာသည် ရွာသူရွာသားများကြားတွင် နေထိုင်ရခက်လှသဖြင့် ၎င်းတို့ကိုနှုတ်ဆက်ကာ ရွာပြင်သို့ထွက်ခဲ့လေ၏…၎င်းတို့သွားရာလမ်းထဲရှိ လှပိုဖြိုး မိန်းကလေးများသည်သဘောကျဟန်ဖြင့် ကြည့်ရှုနေ၏..
တိမ်ညိုနှင့်သြဘာသည် ရွာပြင်ရှိညောင်ပင်အနီးသို့ ရောက်သောအခါအပင်၏အောက်ခြေတွင်ခြေပစ်လက်ပစ် နားလိုက်ကြရင်း..တိမ်ညိုက..


ရွာနားကမြက်
ရွာနွားမစားရဘူးဆိုတာ
တကယ်မှန်တယ်ကွ၊ရွာမှာ
ဆိုရင်ငါတို့နှစ်ယောက်စလုံးဇာတ်
ရှုးတွေဆိုပြီးဘယ်သူမှဆေးဖော်
ကျောဖက်မလုပ်ချင်ကြဘူး၊အထင်
အမြင်သေးကြတယ်၊ဒီရွာမှာကြည့်စမ်း
ငါတို့နှစ်ယောက်စလုံးဟာမင်းသားတွေ
လိုပဲ၊တို့ကိုအားလုံးကတရိုတသေနဲ့
ဆက်ဆံကြတယ်၊ရွာကမင်္ဂလာဆောင်တို့
မဝင်းတို့နဲ့ကွာပါ့ကွာ..
ငါတို့ရွာနဲ့ဒီဘက်
ရွာကွာကိုကွာတယ်၊ကျွဲ
ခတ်ကောင်းလို့ငါတို့ကိုဆရာ
တော်ကြီးကတောင်ချီးမွမ်းတယ်၊
ရွာကလူတွေကငါတို့တန်ဖိုးကို
နားမလည်ကြဘူးကွ၊ငါတို့
ဒီဘက်ရွာကိုပြောင်းနေမှ
လူမှန်နေရာမှန်ရောက်
မှာ..
၎င်းတို့နှစ်ဦးသည်ငယ်စဉ်ကပင်မိဘနှင့်ကွဲ
ကွာပြီးအတူတွဲလာကြသူများဖြစ်သည်။လွန်
ခဲ့သောလေးနှစ်ခန့်ကသူတို့ရွာဘုန်းကြီးပျံပွဲ
တစ်ပွဲကိုဇာတ်တစ်ဖွဲ့ရောက်လာကြ၏။


သူတို့နှစ်ယောက်စလုံး ဇာတ်အဖွဲ့ကိုဝင်ရောက်ကြည့်ရှုပြီး
ချိန်မှစ၍ သဘင်ပညာကို ဝါသနာထုံသွား၏ ။ တိမ်ညိုက
ဇာတ်မင်းသားဖြစ်ချင်သလိုသြဘာကလူရွှင်တော်ဖြစ်ချင်၏ ။မ
ကြာမီအချိန်အတွင်း၎င်းတို့နှစ်ဦးဇာတ်ရူးရူးပုံကိုတစ်ရွာလုံးသိရှိ
သွားပြီးလှောင်ပြောင်သရော်ကြ၏ ။တစ်ဘက်ရွာနှင့် မနီးမဝေး
နေရာတွင် စိန်ငှက်ရိုးဆိုသောဇာတ်ဆရာအဘိုးကြီးတစ်ယောက်
နေထိုင်၏ ။ အဘိုးကြီးထံတွင် တပည့်ခံ၍သင်ယူလိုစိတ်များ
တားမရဆီးမရဖြစ်လာ၏ ။ ထို့ကြောင့်ဆရာတော်ထံခွင့်ပန်၍
စိန်ငှက်ရိုးဟူသော အဘိုးကြီးထံတွင်သဘင်ပညာကိုသင်ယူလို
ကြောင်း လျှောက်ထား၏..
ထိုအခါဆရာတော်သည်သတ္တဝါများကိုဖမ်းဆီးချုပ်လှောင်လို
ချင်းမရှိသဖြင့်ခွင့်ပြုလိုက်၏ ။ထိုအချိန်မှစ၍တိမ်ညိုတို့သည်
ဇာတ်ဆရာစိတ်ငှက်ရိုးထံတွင်သဘင်ပညာကိုသင်ယူလေတော့
၏ ။ဇာတ်ဆရာစိန်ငှက်ရိုးသည်အလွန်ဂျသောအဘိုးကြီးတစ်
ယောက်ဖြစ်ပြီးတစ်ရွာလုံးနှင့်တစ်ယောက်မတည့်သူဖြစ်၏ ။



ထိုမျှဝကျသောအဘိုးကြီးတိမ်ညိုနှင့်ဩဘာကို
အသိအမှတ်ပြု၍သဘင်ပညာများသင်ကြားပေးခြင်းကို
တစ်ရွာလုံးကအံ့ဩကြ၏။ထိုသို့ဖြစ်ရခြင်းမှာတိမ်ညိုနှင့်
ဩဘာတို့နားလည်မှုယူထားသောကြောင့်ဖြစ်သည်။ထို့
ကြောင့်အဘိုးကြီးထံသို့မရောက်မီတိမ်ညိုက...
ဇာတ်ဆရာအဘိုးကြီးကတစ်ရွာလုံးနဲ့မတည့်ဘူးဆိုပဲ
ကွ၊ဒါပေမဲ့သူကတစ်ရွာလုံးနဲ့တစ်ယောက်မတည့်
ဘူးဆိုတော့သူ့မှာအထီးကျန်နေမှာသေချာတယ်၊
ဒါကြောင့်သူ့အကြိုက်လိုက်ပြောရမယ်
ထို့ကြောင့်ပင်တိမ်ညိုတို့သည်ဇာတ်ဆရာစိန်ငှက်ရိုး
ထံသို့ရောက်သောအခါစိန်ငှက်ရိုးအကြိုက်လိုက်ပြော
၏။ထို့ကြောင့်ပင်စိန်ငှက်ရိုးကတပည့်အဖြစ်လက်ခံခြင်း
ဖြစ်၏...။


စိန်ငှက်ရိုးကလည်းလောကတွင်သူပြုသမျှကိုလိုက်လိုက်လဲ့လဲ့ထောက်ခံသူဟူ၍တိမ်ညိုနှင့်သြဘာနှစ်ဦးတည်းသာတွေ့ရသဖြင့်၎င်းတို့ကိုတပည့်ရင်းများကဲ့သို့သဘောထား၏။ထို့ကြောင့်သင့်တတ်အပ်သောသဘင်ပညာများကိုဆရာစားမချန်သင်ပြပေး၏။အဘိုးကြီးကအနုပညာနှင့်ပတ်သက်သောသူ၏သဘောထားကိုပြောပြလေ့ရှိ၏။ဤသို့ဖြင့်တိမ်ညိုနှင့်သြဘာတို့သည်ဇာတ်ဆရာကြီးစိန်ငှက်ရိုးထံတွင်တစ်နှစ်ကျော်နီးပါးသဘင်ပညာများကိုသင်ယူကြလေ၏...။
ထိုသို့သင်ယူရင်း တစ်နေ့တွင် ဆရာစိန်ငှက်ရိုးသည်ရွာထိပ်ကုန်စုံဆိုင်သို့ထန်းလျက်ဝယ်ရန်သွားလေ၏။ကုန်စုံဆိုင်သို့ရောက်သောအခါလွန်စွာနှစ်သက်သောဒူးရင်းသီးကိုတွေ့ရ၏။သို့သော်ဒူးရင်းသီးမှာတစ်လုံးတည်းသာရှိ၏။ထိုဒူးရင်းသီးကိုဒေါ်ခင်သက်ဆိုသောအဘွားကြီးနှင့်လုယက်ပြီးဝယ်ယူကြ၏။ဤသို့ဖြင့်အဘိုးကြီးနှင့်အဘွားကြီးသည်ဒူးရင်းသီးတစ်လုံးကိုသူရင်တွေ့သည်ငါရင်တွေ့သည်နှင့်ငြင်းခုန်ကာအပြိုင်အဆိုင်ဈေးတိုးပေးရင်းဒူးရင်းသီးကိုမရရအောင်ဝယ်ယူကြ၏...။
၈


ထိုအခါကုန်စုံဆိုင်ပိုင်ရှင်ဒေါ်ဘုမကဝင်ရောက်၍နှစ်ဦးနှစ်ဖက်
ပြေလည်ရာပြေလည်ကြောင်းဖျန်ဖြေရ၏။သို့သော်ဇာတ်ဆရာ
နှင့်ကျောင်းအစ်မမှာဒူးရင်းသီးတစ်လုံးအတွက်ရမွက်တဏှာ
ကိုမဖြတ်နိုင်သဖြင့်မည်သို့မျှဖျန်ဖြေမရဘဲရှိနေ၏...။
နောက်ဆုံးတွင်ကုန်စုံဆိုင်ပိုင်ရှင်ဒေါ်ဘုမသည်စိတ်မထိန်း
နိုင်တော့ဘဲ..
တော်ပြီ...တော်ပြီ ဒူးရင်းသီးကို ဘယ်သူ့ကိုမှ မရောင်းတော့ဘူး ၊ဆရာ တော်ရဲ့ကျောင်းကိုပဲ သွား ကပ်လိုက်တော့မယ်...
ဇာတ်ဆရာအိမ်သို့ပြန်ရောက်သောအခါသူ၏တပည့်များ
ဖြစ်သောတိမ်ညိုနှင့်သြဘာသည်အစဉ်သဖြင့်မြှောက်ပင့်
ပေးသောမုဝါဒကိုလက်ကိုင်ထား၍ဇာတ်ဆရာအကြိုက်
တစ်မျိုးနှင့်တစ်မျိုးမရိုးအောင်မြှောက်ပင့်ပေးလေ၏။
ထိုအခါဇာတ်ဆရာသည်တိမ်ညိုနှင့်သြဘာတို့၏မြှောက်
ပင့်ပြောဆိုခြင်းကိုမရိပ်စားမိဘဲရဟန်းအစ်မကြီးဒေါ်ခင်သက်
ကို ပိုမို၍မကျေမချမ်းဖြစ်လာလေ၏ ။
၉


ဟုတ်တယ်..မင်းတို့ ပြောတာမှန်တယ် ဒီနေ့ညနေပဲ ငါမြို့ကိုတက်မယ်ကွာ ပြီးတော့မြို့မှာရှိတဲ့ ဒူးရင်းသီးတွေကိုလည်းတစ်စီးတိုက်အကုန်လုံးရအောင်ဝယ်မယ်..
ပြီးရင် တစ်ရွာလုံးကို ဒူးရင်းသီးတွေဝေပေးမယ်၊ဘာမဟုတ်တဲ့ လယ်ပိုင်ရှင်ပါးမွေးခင်သက်ဆိုတဲ့အဘွားကြီးညနေကျရင် တွေ့ကြသေးတာပေါ့..
ထိုအခါ စိန်ငှက်ရိုးသည်ငင်းအိုစာမင်းစာအဖြစ် စုဆောင်းထားသော ပိုက်ဆံများအားလုံးကိုသေတ္တာထဲမှထုတ်၍မြို့ပေါ်သို့ တက်သွားလေ၏ ။မြို့ပေါ်သို့ရောက်သောအခါဒူးရင်းသီးများကို ဈေးကြီးပေး၍ တစ်မြို့လုံးလှည့်၍ဝယ်လေရာ ဒူးရင်းသီးအလုံး ၁၀၀ကျော်ရလေ၏ ။ဇာတ်ဆရာ မြို့ပေါ်တက်၍ ဒူးရင်းသီးများကို တစ်လုံးမကျန်အောင်ဝယ်ယူလာသော သတင်းကိုဒေါ်ခင်သက်ကြားသောအခါဆွေ့ဆွေ့ခုန်အောင်ဒေါသဖြစ်ပြီး မခံချင်စိတ်ဖြစ်၍မေ့မြောသွားလေ၏ ။


ထိုအခါဇာတ်ဆရာကဒူးရင်းသီးများကို ဝံ့ကြွားစွာလှည်းပေါ်မှချ၍တပည့်ကျော် များဘက်လှည့်၍..
ဟောဒီမှာ အလုံးလှလှ ဒူးရင်းသီး ကြီးကြီးတွေ အများကြီး ကျန်သေးတယ် ဒီပွဲမှာငါ အနိုင်ရခဲ့ပြီ ဟောဒီ အောင်ပွဲအတွက် အဝ စားမယ်..
ဟုဆိုကာ ဒူးရင်းသီးများကိုတစ်လုံးပြီးတစ်လုံး စားလေ၏ ။ဇာတ်ဆရာ မခံချင်စိတ်ကြောင့် ဒူးရင်းသီး ဆယ်လုံးကျော်ကျော်စားပြီးသော အခါမှ မျက်လုံးများမှေးစင်းလာပြီး... မူးတယ် မူးတယ် ဟုအော်ကာ မြေပေါ်သို့လဲကျသွားလေ၏ ။
စိန်ငှက်ရိုးလဲကျသွားပြီး သတိပြန်လည် မရတော့ချေ..။


ရွာသို့ပြန်ရောက်သောအခါစိန်ငှက်ရိုးထံမှသင်ယူလာသောမတောက်
တခေါက်ပညာဖြင့်သွေးထင်ရောက်နေလေတော့၏။သို့သော်မည်သည့်
ရွာသူရွာသားများမှအထင်ကြီးလေးစားခြင်းမရှိချေ။ထို့ကြောင့်တိမ်ညို
နှင့်သြဘာတို့သည်၎င်းတို့၏ဇာတိမြေရပ်ရွာသားများကိုလွန်စွာမကျေ
မနပ်ဖြစ်ကြ၏။တိမ်ညိုကမိမိတို့ရွာဘက်သို့မကျေမချမ်းကြည့်၍..
ငါတို့ဟာ သဘင် ပညာရှင် အကျော်အမော် တွေဆိုတာ ငါတို့ရွာသားတွေ မကြာမီ သိစေရမယ် ၊တစ်နေ့ ကျရင် ငါတို့အစွမ်းကိုတစ် ရွာလုံး အံ့သြတကြီးနဲ့ကြည့် စေရမယ်..
ဟု အားပါးတရပြောလေတော့၏ ။သူကြီး ဦးတက်ခါး
သည် အလှူပွဲကိုတပေါင်းလအတွင်းပြုလုပ်မည်ဆို
သောသတင်းသည်တောမီးပမာ ပျံ့နှံ့သွားသည်...။
သူကြီး၏ အလှူပွဲနီးလာသည်နှင့်အမျှတစ်ရွာလုံးရှိ
လူများသည် လှုပ်လှုပ်ရွရွဖြစ်လာ၏ ။ အလှူပွဲနီးလာ
သည်နှင့်အမျှ သူတို့မကြားချင်သောစကားတစ်ခုကိုကြား
သိရလေ၏ ။ထိုသတင်းမှာ အလှူပွဲ၌အနီးမြို့မှဇလာ
ဆိုင်းကို ငှားမည်ဖြစ်ကြောင်းသိရ၏..။


တိမ်ညိုနှင့်ဩဘာတို့သည်ထိုသတင်းကို
ကြားသိသည့်အချိန်မှစ၍အကြီးအကျယ်
ဒေါသပေါက်ကွဲမှုများစတင်လေတော့၏။
တိမ်ညိုက..
သူကြီးကသူတို့ရဲ့
မျက်နှာကိုအိုးမည်းသုတ်
တာပဲ၊ရွာမှာငါတို့လိုသဘင်
ပညာရှင်တွေရှိရဲ့သားနဲ့မြို့ပေါ်
ကဇာတ်ဆိုင်းကိုငှားမယ်ဆိုတာ
တော့သူကြီးရဲ့လုပ်ရပ်ဟာ
ငါတို့ကိုအထင်မကြီးရာ
ကျမနေဘူးလား..
ငါတော့ရှက်လွန်း
လို့ မျက်နှာကိုဓားနဲ့လှီး
ပစ်ဖို့ကောင်းတယ် ၊ဒီကိစ္စနဲ့
ပတ်သက်ပြီး သူကြီးကိုငါတော့
လုံးဝ မကျေနပ်ဘူး ၊သူကြီးကို
ကိုယ်တိုင်သွားတွေ့ပြီး
ဆွေးနွေးလိုက်ချင်
တယ်..
ထို့နောက်တွင်မူပန်တျာရူးနှစ်ယောက်သည်
သူကြီး၏အိမ်ဂေဟာသို့မကျေမချမ်းရောက်
ရှိသွား၏။သူကြီးထံသို့ရောက်သောအခါ
သူတို့၏မကျေနပ်ချက်များကိုရင်ဖွင့်ကြ၏။



သူတို့၏ သဘင်ပညာကိုသူကြီး အထင်မသေးသင့်ကြောင်း မိမိတို့လည်း ဆရာစိန်ငှက်ရိုး၏တပည့်ရင်းချာများဖြစ်ကြောင်း မိမိတို့၏ အရည်အချင်းကိုမကြာမီ တစ်နိုင်ငံလုံးအသိအမှတ်ပြု၍ စိန်တိမ်ညိုနှင့်စိန်သဘာဟူ၍ ဟိုးဟိုးကျော်တော့မည်ဖြစ်ကြောင်း ပြောဆိုလေ၏ ။ထိုအခါ သူကြီးက ၎င်းတို့၏ စကားကို နားဝင်ဟန်မရှိဘဲ..
ဟေ့ကောင်တွေ ဒီအလုပ်ဟာ ငါ့အလုပ်ကွ ငါ့အလုပ်မှာ ငါငှားချင်တဲ့ ဘက်ငါငှားမယ် ။မင်းတို့ ဘာဖြစ်လို့ နွားရှေ့တွန်းကျူး လုပ်နေရတာ လဲ..
ဟုပြောလေရာတိမ်ညိုသည်သူကြီး၏ မျက်နှာကိုမကျေမချမ်းကြည့်၍..
ဒီမှာသူကြီးကျုပ် တို့ကရှက်ရအောင်ဘာ မဟုတ်တာလုပ်နေလို့လဲ၊ ကျုပ်တို့ကအနုပညာသမား တွေ၊ကျုပ်တို့ဆရာကြီး စိန်ငှက်ရိုးကပြောထားပြီး သား၊အနုပညာသမားဖြစ်ရင် ရှက်ကြောကိုဖြတ်ထား ရတယ်..
ထိုအခါသူကြီးကစိတ်မရှည်တော့သဖြင့် မောင်းထုတ်လိုက်လေ၏...


ထို့ကြောင့်တိမ်ညိုတိမ်ပြာတို့သည်သူကြီး၏အလှူတွင်သဘင်ပညာ၏အစွမ်းကိုပြသမည်ဆိုသောအခွင့်အရေးမှာပျောက်ကွယ်သွားလေတော့၏။ထို့ကြောင့်သူကြီး၏အလှူမှဝေးရာသို့ရှောင်ရှားပြီးနေ၏။ထိုရက်ပိုင်းအတွင်းငင်းတို့သည်ရွာထဲ၌မနေဘဲရွာပြင်သို့သာထွက်၍နေ၏...တိမ်ညိုနှင့်သြဘာသည်ရွာစွန်ရှိယာခင်းတစ်ခုတွင်သွားရောက်နေထိုင်လေ၏။ထိုယာခင်း၌နေထိုင်သူမှာခိုးဆိုးလုယက်ခဲ့သောဒုစရိုက်မှုများကိုကျူးလွန်သဖြင့်ရွာထဲ၌နေထိုင်ခွင့်မရသောဆင်ကြီးဆိုသူဖြစ်၏။ရွာသူရွာသားများသည်သူကြီး၏အလှူတွင်အားတက်သရောလုပ်ကိုင်ပေးကြ၏။တိမ်ညိုကရွာဆီသို့လှမ်းမျှော်ကြည့်၍..
ကြည့်စမ်း တစ်ရွာလုံးမှာ မီးခိုးငွေ့မတွေ့ရဘူး၊ရွာကလူတွေသူကြီးအိမ်မှာ မီးခိုးတိတ်သွားစားနေပုံရတယ်၊တောက် တစ်ရွာလုံး တစ်ယောက်မှ မကောင်းဘူး အမေကျော်ဒွေးတော် လှမ်းချင်ကြတယ်..
ဟုပြောလေ၏။ထိုအခါသြဘာကခေါင်းခါယမ်း၍
တော်ပါတော့ကွာ ဒီအကြောင်းတွေငါမကြားချင်ဘူး ။ဆိုင်းသံတွေကြားရရင် ငါ့ရင်တွေနာတယ်..


ဟား...ဟား...ဟား.. တစ်ရွာလုံးနဲ့တစ်ယောက် သဘောချင်း မတိုက်ဆိုင်တဲ့အဖြစ်ကို မင်းတို့နားလည်ပြီ မဟုတ်လား ငါတို့ရွာသားတွေက လူဆိုးလူမိုက်ဆိုပြီး ရွာပြင်မှာပစ်ထားကြတယ်..လူဟာ အခြေအနေနဲ့ အချိန်အခါကြောင့်
ဆိုးမိုက်ချင်ဆိုးမိုက်မယ်...လိမ္မာတဲ့အခါလိမ္မာမယ်...သူတို့ဟာမင်းတို့ကို အထင်သေးရုံတင်မကဘူး မင်းတို့ရင်ထဲကထွက်လာတဲ့ အနုပညာကိုလည်း အထင်သေးတယ်..
နေပါဦးတိမ်ညိုနဲ့ဉာဏ ငါပြောတဲ့စကားကို ဆုံးအောင်နားထောင်ပါဦး မင်းတို့ကိုခိုင်းဖို့ရွာကို ခေါ်တာမဟုတ်ပါဘူးကွာ ဟောဒီမှာ သူကြီးကမင်းတို့ကိုစာ ပေးခိုင်းလိုက်လို့ပါ..
ဟုပြောလေ၏ ။ရွာသားအနီးသို့ရောက်သောအခါ တိမ်ညိုက
ဒီမှာ ကျုပ်တို့ကို လာမခေါ်နဲ့ သူကြီးရဲ့အလှူကို ကျုပ်တို့လုံးဝမလာဘူးလို့ ပြောထားပြီးသား


ဟင်...ဟိုမှာ ရွာသား တစ်ယောက်လာနေတယ်...ဒီ ကောင်တွေ ငါ့စိုက်ခင်းကိုမလာစဖူး အလာထူးပုံထောက်တော့မင်းတို့ နှစ်ယောက်ကိုရွာထဲကိုခေါ်လုပ် ခိုင်းမလို့ထင်တယ်..
ရွာသား၏စကားကြောင့်တိမ်ညိုနှင့်သြဘာသည် လွန်စွာအံ့သြသွားလေ၏ ။ထို့ကြောင့်တိမ်ညိုက စာကိုကမန်းကတန်းထ၍ဖက်လိုက်၏။ငင်းစာမှာ တိမ်ညိုနဲ့သြဘာရွာထဲကိုပြန်ပြီးနေကြပါကွာ၊မင်း တို့နဲ့သတင်းကိုစွဆွေးနွေးရအောင်ဒီနေ့ညနေနေဝင် ရီတရောအချိန်မှာငါ့ရဲ့အိမ်ကိုလာခဲ့ပါ..မင်းတို့ကို စောင့်နေမယ်..သူကြီး
ဟား..ဟား.. ဟား..သူကြီးစိတ် ပြောင်းသွားပြီကွ..နောက် ဆုံးတော့သူကြီးငါတို့ကို မလွန်ဆန်ခဲ့ဘူး..ငါတို့နဲ့ သဘင်ပညာဆွေးနွေး မလို့တဲ့ကွ..
ထို့နောက်တိမ်ညိုနဲ့သြဘာလည်းညနေစောင်းမည့် အချိန်ကိုစိတ်လှုပ်ရှားစွာဖြင့်စောင့်နေလေ၏ ။သူ တို့သည်ညနေစောင်းသောအခါသူကြီးချိန်းဆိုထား သောနေရာသို့သွားရန်စိတ်စော၍နေလေ၏ ။ညနေ နေဝင်ရီတရောအချိန်ကိုမစောင့်နိုင်သောသြဘာက..


သူကြီးက ဘာလို့ ညနေမှချိန်းလည်းမသိပါဘူး ကွာ၊ချိန်းတဲ့အချိန်ကလည်းနေဝင်ရီတရောအချိန်တဲ့နောက်ပြီးတော့ သူကြီးချိန်းတဲ့အိမ်ကရွာအစွန်မှာရှိတဲ့ သူကြီးအကြွေးနဲ့သိမ်းထားတဲ့အိမ်နော်၊ တကယ်ဆိုရင်ရွာအလယ်မှာရှိတဲ့ အလှူအိမ်ကြီးမှာချိန်းဖို့ကောင်း တယ်ကွ၊ဒါမှငါတို့နှစ်ယောက် ရဲ့အရည်အချင်းကိုတစ်ရွာလုံး သိမှာ..
ထိုသို့ပြောနေစဉ်မှာပင်ညနေနေဝင်ရီတရော အချိန်သို့ရောက်ခဲ့၏။ထိုအခါတိမ်ညိုနှင့် သြဘာတို့သည်ရွာစွန်ရှိသူကြီးချိန်းဆိုသော အိမ်ကြီးသို့ထွက်ခဲ့လေ၏။ရွာစွန်ရှိအိမ်ကြီး ရှေ့သို့ရောက်သောအခါလူအများရှင်းလင်း နေ၏။သူတို့သည်ခြံတံခါးကိုတွန်းဖွင့်ပြီး အိမ်ထဲသို့ဝင်ခဲ့၏။ခြံထဲသို့ရောက်သောအခါ လူသူအရိပ်မယောင်မမြင်ရ၍သြဘာက..
သူကြီး သူကြီး
ဟုအသံပြုလေ၏။သို့သော်အိမ်ထဲတွင်မည် သည့်အရိပ်အယောင်မှ မမြင်တွေ့ရချေ။ထို့ ကြောင့် တိမ်ညိုနှင့်သြဘာသည် အိမ်ပေါ်သို့တက် ခဲ့၏။အိမ်ပေါ်သို့ရောက်သောအခါ ဧည့်ခန်းထဲ တွင် မြင်တွေ့ရသောမြင်ကွင်းကြောင့် သူတို့နှစ် ယောက်စလုံးအထိတ်တလန့်အော်ဟစ်လိုက်၏။


ဟာ... သူကြီးညီ ဦးလေးပွကို ဘယ်သူသတ်သွားလဲမသိဘူး ။ရင်ဝမှာ ဓားကြီးစိုက်လို့ပါလား...
တိမ်ညိုသည်ဦးလေးပွ၏အနီးတွင် ဒူးထောက်ထိုင်ချလိုက်ပြီးဓားဒဏ်ရာကိုအနီးကပ်ကြည့်လေ၏။ထိုအခိုက်မှာပင်ခြံဝသို့သူကြီးနှင့်ရွာသူရွာသားများရောက်ရှိလာပြီး ဦးလေးပွ၏အလောင်းကိုကြည့်ကာ..
ဟာ...တိမ်ညိုနဲ့ဩဘာမင်းတို့နှစ်ယောက်အတော်အကျင့်ယုတ်တဲ့လူတွေပါလားမင်းတို့ဟာရွာမှာမကရတာနဲ့ရွာကလူတွေကိုအငြိုးထားပြီးလူသက်မှုကျူးလွန်တယ်မင်းတို့ငါ့ညီကိုသတ်တဲ့အတွက်မင်းတို့ကိုပုလိပ် လက်အပ်ရမယ်...
ထိုအခါရွာသူရွာသားများကလည်းအထိတ်တလန့်ဖြင့်..
တိမ်ညိုနှင့်ဩဘာဦးလေးပွကိုသတ်သွားပြီဟုတစ်ယောက်တပေါက်အော်ဟစ်ကြလေ၏..


ခင်ဗျားတို့မှား နေပြီ ဦးလေးပွကိုကျုပ်တို့မသတ်ဘူး ၊ကျုပ်တို့ဒီအိမ်ကိုရောက်ကတည်းက ဦးလေးပွကိုဓားဒဏ်ရာနဲ့တွေ့ရတာဦးလေးပွကိုကျုပ်တို့မသတ်ဘူး...
ဟော့ကောင်တွေ လက်ပူးလက်ကြပ်မိနေတာ တောင်ငြင်းချင်သေးလို့လား.. မင်းတို့နှစ်ယောက်ကအလျှမှာ မကရတာ နဲ့ငါတို့ကိုရန်ငြိုးဖွဲ့တယ်ပြီးတော့ငါ့ညီကိုသတ်တယ်ဒါမင်းတို့အကြံအကုန်ပဲလား..
ဘာ.. ငါတို့အပြစ်မရှိဘဲ အဖမ်းမခံနိုင်ဘူး ငါတို့ ထွက်ပြေးမှ ဖြစ်မယ်.
ဟုဆိုကာသြဘာ၏လက်ကိုဆွဲ၍အိမ်၏ အနောက်ဘက်ဆီသို့ပြေးလေ၏။


ထိုအခါအနောက်ဝင်ပေါက်သည်တံခါးပိတ်ထားကြောင်းတွေ့ရ၏။တိမ်ညိုသည်တံခါးဂျက်ကိုအမြန်ဆုံးဖွင့်ရန်ကြိုးစား၏။သို့သော်တံခါးဂျက်သည်အလွယ်တကူမဖွင့်ဘဲရှိနေ၏။ထို့ကြောင့်တိမ်ညိုသည်တံခါးကိုကိုယ်စောင်းနှင့်တိုက်၍ဖွင့်လိုက်ရာတံခါးသည်ဝုန်းခနဲပွင့်သွား၏။ထိုတံခါးလက်မှတိမ်ညိုနှင့်ဩဘာသည်ကမန်းကတန်းခုန်ထွက်လိုက်လေ၏..။ထိုအခါသူကြီးနှင့်ရွာသူရွာသားများသည်..
လူသတ်သမား
ကိုတွေ့ပြီဟေ့
လိုက်ကြ..လိုက်ကြ
သူကြီးနှင့်ရွာသူရွာသားများသည်တုတ်၊ဓားလက်နက်များကိုကိုင်ဆောင်၍ညာသံပေးပြီးအနောက်မှလိုက်ကြလေ၏။၎င်းတို့သည်အပြစ်မရှိဘဲအဖမ်းမခံလိုသဖြင့်ထိုရွာမှလွတ်မြောက်အောင်ထွက်ပြေးကြ၏။တိမ်ညိုနှင့်ဩဘာသည်အသက်ထွက်လုမတတ်ပြေးလွှားရင်းရွာနှင့်တဖြည်းဖြည်းဝေးခဲ့လေတော့သည်


ၚင်းတို့သည်ညအမှောင်တွင်အနီးဆုံးရွာသို့ရောက်ခဲ့၏။ထိုရွာသို့ရောက်သောအခါရွာစွန်ရှိအိမ်တစ်အိမ်သို့ဦးတည်၍ပြေးလေ၏။ထိုအိမ်၌ၚင်းတို့၏မိတ်ဆွေလှည်းသမားတစ်ဦးရှိ၏။ၚင်းတို့သည်လှည်းသမားထံသို့သွား၍မြို့ပေါ်သို့အလောတကြီးသွားလိုကြောင်းပြောလေ၏။တိမ်ညိုနှင့်သြဘာ၏အမူအရာကိုကြည့်၍လှည်းသမားက..
နေပါဦး
ခင်ဗျားတို့ဘာလို့
မြို့ပေါ်ကိုရောက်ဖို့
အလျင်လိုနေတာ
လဲ..
ထိုအခါတိမ်ညိုနှင့်သြဘာသည်တစ်ယောက်
မျက်နှာတစ်ယောက်ကိုကြည့်ရင်းတိမ်ညိုက..
ကျုပ်တို့ရွာက
ရွာဦးကျောင်းဆရာတော်
ကြီးနာမကျန်းဖြစ်လို့ဗျ
ဒါကြောင့်မြို့ပေါ်တက်ပြီး
ဆရာဝန်ပင့်မလို့ဒါကြောင့်
ကျုပ်တို့အလောတကြီး
ဖြစ်နေတာ..
ဟင်..
ဆရာတော်ကြီးနာမကျန်း
ဖြစ်နေတယ်ဟုတ်လား
လွန်ခဲ့တဲ့နှစ်ရက်ကပဲဆရာ
တော်ကြီးကိုကျန်းကျန်းမာ
မာဖူးတွေ့လိုက်ရ
ပါတယ်..


ထိုအခါသြဘာကအထစ်ထစ်အငေါ့ငေါ့ဖြင့်
မမဟုတ်ဘူးဗျ ဆရာတော်ကြီးကမနေ့ကထိ အကောင်းချည်း၊ဒီနေ့ညနေကျမှ မူးလဲသွားတာ၊ဒါကြောင့်ကျုပ် တို့လည်းအလောတကြီးမြို့ပေါ် ကိုပြေးဖို့လုပ်နေတာ ပေါ့ဗျ..
ဆရာတော်အတွက် ဆရာဝန်ခေါ်မယ်ဆိုရင်ကျုပ် စောင့်နေပါမယ်၊မြို့ပေါ်က တခြားလှည်းသမားခေါ်ရင်ခင်ဗျား တို့အချိန်တွေထပ်ကုန်မှာ ပေါ့ဗျာ..ကျုပ်ပဲဆရာတော် ကြီးအတွက်ကုသိုလ်ယူပြီး စောင့်နေပါ့မယ်..
ထိုအခါတိမ်ညိုနှင့်သြဘာတို့သည် လှည်းသမားကိုစကားမဆိုတော့ဘဲစိတ် လှုပ်ရှားစွာဖြင့်လှည်းပေါ်ပါသွားလေ၏။ မြို့သို့ရောက်သောအခါလှည်းသမားသည် ဆရာဝန်၏အိမ်သို့မောင်းနှင်သွားလေ၏။ တိမ်ညိုနှင့်သြဘာတို့သည်လှည်းသမား၏ အပြုအမူကြောင့်အခက်တွေ့နေကြ၏။ လှည်းသမားသည်လှည်းပေါ်မှအောက်ဆင်း၍ကုလားဆရာဝန်ကြီး၏ခြံတံခါးကိုတဝုန်း ဝုန်းမြည်အောင်လုပ်ခတ်လေ၏။



ဆရာဝန်ကြီးကတံခါးကိုတဝုန်းဝုန်းလှုပ်ခတ်သံကြားသောအခါဒေါသတကြီးဖြင့်
တောက်.. ညကြီးအချိန်မတော်လူနာလာပြန်ပြီနဲ့တူတယ်ကွာ၊လူတွေဘာကြောင့်ကျန်းမာရေးချို့တဲ့နေရတာလဲ..
ဟုမကျေမချမ်းရေရွတ်ကာအိပ်ရာပေါ်မှလူးလဲထ၏။လှည်းသမားမှာဆရာဝန်ကြီး၏အိမ်မှမီးရောင်ကိုမမြင်ရသဖြင့်အသံပြုကြီးဖြင့်... ဆရာဝန်ကြီး..ဆရာဝန်ကြီးဟုအော်ဟစ်ခေါ်လေ၏။တိမ်ညိုနှင့်ညဘာသည်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်းခေါင်းကုတ်လိုက်၏။ထိုအခိုက်မှာပင်အိမ်ထဲမှကုလားဆရာဝန်ကြီးထွက်လာကာ..
ဟေ့လူတွေ.. ဘာဖြစ်လို့ညသန်းခေါင်ချိန်ကြီးမှာအသံပြုကြီးနဲ့အော်နေရတာလဲ.. ကိုယ့်လူအသံပြုကြီးနဲ့အော်နေပုံထောက်ရင်မွေးလူနာရှိလို့ပဲဖြစ်ဖြစ်၊ဒီမယ်ကျုပ်ကိုသေသေချာချာကြည့်စမ်း.. မွေးလူနာရှိတိုင်းလိုက်မမွေးပေးနိုင်ဘူး၊ဒီနားမှာဝမ်းဆွဲအဘွားကြီးဒေါ်ကျင်ဆိုတာရှိတယ်၊သူ့ကိုသွားခေါ်ပါ..
ထိုအခါလှည်းသမားကကမန်းကတန်းလက်ကာပြ၍
မွေးလူနာမဟုတ်ဘူးဗျ၊မယ်ဇလီကန်းကဆရာတော်ကြီးအသည်းအသန်ဖြစ်နေလို့..
၂၄


ဘာ.. မယ်ဇလီကုန်းကဆရာတော်ကြီးအသည်းအသန်ဖြစ်နေတယ်ဟုတ်လား၊နေပါဦး ဆရာတော်ကြီးဘယ်အချိန်ကအသည်းအသန်ဖြစ်တာလဲ..
ဟုမေးမြန်းလေ၏။ ထိုအခါလှည်းသမားကကြောင်အမ်းအမ်းဖြစ်သွားပြီးတိမ်ညိုနှင့်ညဘာတို့ဘက်လှည့်လေ၏။ ထိုအခါတိမ်ညိုကအသံတုန်တုန်ယင်ယင်ဖြင့်..
ဆရာတော်ကြီးညနေကတည်းကမူးမေ့လဲသွားတာပါ၊အခုထိအိပ်ရာကမထနိုင်ဘဲမူးမေ့လဲနေပါတယ်..
ကောင်းပြီ ဒါဆိုရင်မင်းတို့ဒီနေရာမှာခဏလေးစောင့်နေ၊ငါအခုချက်ချင်းထွက်လာခဲ့မယ်..
ဟုဆိုကာအိမ်ထဲသို့ကမန်းကတန်းပြေးဝင်သွားလေ၏။ လှည်းသမားကတိမ်ညိုနှင့်ညဘာတို့ဘက်လှည့်ကာ..
ဟဲဟဲ ဒါဆိုရင်ဆရာတော်ကြီးအတွက်အသက်အန္တရာယ်စိုးရိမ်စရာမရှိတော့ဘူး ဆရာဝန်ကြီးကဆေးကိုက်တာဗျ၊လူနာတွေ အဖိတ်အစင်ရှိတယ်လို့မကြားဘူးဗျ


တိမ်ညိုနှင့်ဩဘာသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ဒုက္ခပါပဲဟုရေရွတ် လိုက်ကြ၏။ခဏကြာလျှင်ဆရာဝန်ကြီးဆေးအိတ် ဆွဲပြီးထွက်လာလျှင်ခက်ပေရော့မည်။ထို့နောက် တိမ်ညိုနှင့်ဩဘာသည်ရှောင်ပြေးရန်အကြံတစ်ခု ရသွားပြီး...
ကျုပ်တို့ မှောင်ရိပ်ထဲမှာအပေါ့ အလေးသွားဦးမယ်၊ ခင်ဗျားဒီမှာပဲစောင့် နေပါ..
ဟုပြောကာဩဘာ၏လက်ကိုဆွဲကာ မှောင်ရိပ်ထဲသို့ပြေးတော့၏။မှောင်ရိပ် ထဲသို့ရောက်သောအခါတိမ်ညိုက.. ငါတို့ဒီနေရာကထွက်ပြေးမှဖြစ်မယ်၊ မကြာခင်ဆရာဝန်ကြီးဆေးအိတ်ဆွဲပြီး ထွက်လာရင်ခက်ကုန်တော့မယ်ဟု ဆိုကာနှစ်ယောက်သားလှည်းသမားနှင့် ဝေးရာသို့ပြေးလေ၏။



၎င်းတို့သည်အတန်ကြာအောင်သွားလာပြီး
နောက်မောပန်းနွမ်းနယ်သဖြင့်ခဏမျှနားလိုက်
၏။မြို့တစ်မြို့လုံးညဉ့်သန်းခေါင်ယံအချိန်ဖြစ်
သဖြင့်တိတ်ဆိတ်ငြိမ်သက်နေ၏။ထိုအခိုက်မှာ
ပင် ၎င်းတို့၏အရှေ့တည့်တည့်မှလက်နှိပ်
ဓာတ်မီးအရောင်များကိုမြင်ရ၏။တိမ်ညိုက
လက်နှိပ်ဓာတ်မီးအရောင်ကို အထိတ်တလန့်
လက်ညှိုးထိုး၍..
ဟာ ဟိုမှာ လက်နှိပ်ဓာတ်မီးအရောင်ပါလား.. သူကြီးနဲ့ ရွာသားတွေ လိုက်လာပြီထင်တယ်..
ဩဘာကလက်နှိပ်ဓာတ်မီးအရောင်များကိုကြည့်၍
သူကြီးနဲ့ ရွာသားတွေမဖြစ်နိုင်ဘူး.. ပုလိပ်တွေဖြစ်ရင်လည်းဖြစ်မှာဒီနားမှာပဲမှောင်ရိပ်ခိုပြီးပုန်းနေမှဖြစ်မယ်..
လက်နှိပ်ဓာတ်မီးအရောင်များသည်
၎င်းတို့နှင့်တဖြည်းဖြည်းနီးလာ
သဖြင့်ထိုလူများကိုအနီးကပ်မြင်
ရသောအခါပုလိပ်များဖြစ်ကြောင်း
တွေ့ရ၏။


ပုလိပ်များသည်ရေးကြီးသုတ်ပြာဟန်ဖြင့်သွားလာနေကြခြင်းဖြစ်၏။ထိုအထဲမှပုလိပ်တစ်ဦးက...
ခင်ဗျားတို့သွားနှင့်ကြဗျို့ ကျုပ်ဒီမှာအပေါ့သွားလိုက်ဦးမယ်
ဟုဆိုကာတိမ်ညိုနှင့်ဩဘာပုန်းအောင်းနေသောချုံပုတ်အနီးသို့ရောက်ရှိလာ၏။ထိုအခါတိမ်ညိုနှင့်ဩဘာသည်အထိတ်တလန့်ဖြင့်ပုလိပ်နှစ်ဦးကိုစောင့်ကြည့်နေ၏။ပုလိပ်နှစ်ဦးသည်တိမ်ညိုနှင့်ဩဘာတို့ရှိသောချုံပုတ်ရှေ့တွင်ရပ်၍အပေါ့သွားလေ၏။တိမ်ညိုတို့သည်၎င်းတို့ကိုအညစ်အကြေးများမထိမှန်စေရန်ကမန်းကတန်းနောက်ဆုတ်လိုက်ရ၏။ထိုအခါအပေါ့သွားသောပုလိပ်တစ်ဦးလန့်ဖျပ်သွားပြီး...
ဟိုက် ချုံထဲကဘာလဲကွ မြွေများလား
ဟာ..မြို့ပေါ်မှာမြွေမရှိပါဘူးကွာ၊ကဲဖန်ပြီးကြောက်မနေစမ်းပါနဲ့၊ကိုယ့်ကိစ္စကိုယ်ပြီးအောင်လုပ်ပါရစေ...ညဦးနက်သန်းခေါင်ကျွာအိပ်ရာမှအေးအေးဆေးဆေးအိပ်မယ်ကွဲသေးဆရာဝန်ကြီးကလာခေါ်သေးတယ် သူ့အိမ်မှာအယောင်ဆောင်ပြီးလူဆိုးဓားပြတွေရောက်နေတယ်တဲ့..


ဟုပြောလေရာတိမ်ညိုနှင့်သြဘာသည် အလွန်အံ့သြသွားပြီးပုလိပ်များ၏စကားကို နားစွင့်နေမိ၏။ထိုအခါပုလိပ်တစ်ဦးက
နေပါဦး သူအိမ်မှာလူဆိုးဓားပြတွေရောက်နေတာဘယ်လိုလုပ်သိတာလဲ
တကယ်တော့ ဆရာဝန်ကြီးကံကောင်းသွားတာ၊ဒီနေ့ညနေပဲဆရာဝန်ကြီးဟာမယ်ဇလီကုန်းကိုရောက်လို့ ဆရာတော်ကြီးကိုဝင်ဖူးခဲ့သေးတယ်၊ ဒါကြောင့်ဆရာတော်ကြီးကျန်းကျန်းမာမာရှိတယ်ဆိုတာသိတယ်၊အခု လူဆိုးဓားပြတွေကဆရာတော်ကြီး မကျန်းမာဘူးဆိုပြီးဆရာဝန်ကြီး ကိုပင့်တယ်လေ၊ဒီကောင်တွေ အတော်အတင့်ရဲတယ် ကွာ..
ဟုပြောလေ၏။ပုလိပ်နှစ်ဦး၏စကားကိုနားထောင်၍တိမ်ညိုနှင့်သြဘာသည်ထိတ်လန့်တုန်လှုပ်သွားပြန်၏။၎င်းတို့ရောက်ခဲ့သောဆရာဝန်သည်တိုက်တိုက်ဆိုင်ဆိုင်ညနေကပင်မယ်ဇလီကုန်းရှာကဆရာတော်ကြီးကိုဖူးမျှော်သွားသည်ဆို၏။


ထို့နောက်တိမ်ညိုကသက်ပြင်းချ၍
တောက်.. ငါတို့နှစ်ယောက်ကိုက်ကို ဆိုးလွန်းပါတယ်ကွာ၊ရွာကနေ လူသတ်မှုနဲ့မတရားစွပ်စွဲခံရလို့ မြို့ကိုပြေးလာတယ်၊မြို့ကိုရောက် တော့ဆရာဝန်ကြီးကိုပြန်ပေးဆွဲမဲ့ လူဆိုးဓားပြတွေဖြစ်နေပြန်ပြီ၊ ငါတို့ဒီညဒီမှာအိပ်လို့မဖြစ်ဘူး ဒီမြို့ကဝေးရာကိုပြေးမှ ဖြစ်မယ်..
ဒါဆိုရင်ငါတို့ ဒီနေ့ညမအိပ်ရတော့ ဘူးပေါ့၊ငါတို့တော့ကံ ကြမ္မာဆိုးဝင်ပြီ ကွာ..
ရွာအစွန်မှာရှိတဲ့ ဒုစရိုက်သမားကြီးဆင်ကြီးရဲ့ စကားကိုငါသတိရတယ်၊ငါတို့ဆီ ကိုသူကြီးရဲ့စာရောက်တော့ဆင်ကြီးက ပြောတယ်၊ဒါဟာထောင်ချောက်တစ် ခုဖြစ်နိုင်တယ်တဲ့၊သိပ်အံ့သြဖို့ကောင်း တယ်၊ငါတို့ဟာလူသတ်သမားရဲ့ ထောင်ချောက်ထဲကိုဝင်သွား တာကွ၊ဒါဆိုရင်ငါတို့ကိုစာ ပေးတာသူကြီးမဟုတ် ရဲ့လား..
သူကြီးစာမှသူကြီး စာအစစ်ပါကွာ၊သူကြီးရဲ့ အကြွေးစာရင်းမှတ်တဲ့လက်ရေး ကိုသိပါတယ်၊နောက်ပြီးတော့ ငါတို့ကိုစာလာပေးတဲ့ကိုရင်သာ အေးဟာလည်းသူကြီးကိုယ်တိုင် စာပေးခိုင်းလိုက်တာလို့ပြော တယ်မဟုတ်လား..